ミャンマー・アリン紙（２日付，８面）



# ဂျပန်နိုင်ငံဟာ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် အစိုးရ၊ ပုဂ္ဂလိကနှင့်ပူးပေါင်းပြီး ကူညီထောက်ပံ့သွားမယ်

ဂျပန်နိုင်ငံခြားရေးဝန်ကြီး **H.E.Mr Fumio KISHIDA** ထံ မြန်မာ့အလင်းသတင်းအဖွဲ့က ဆက်သွယ်မေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်-

**မေး ။ မြန်မာနိုင်ငံနဲ့ ဂျပန်နိုင်ငံအကြားမှာ နှစ်ပေါင်းရှည်ကြာစွာ ချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်လာခဲ့ပါတယ်။ ဂျပန်-မြန်မာ နှစ်နိုင်ငံ ဆက်ဆံရေးအပေါ်လည်း ဝန်ကြီးရဲ့ အကဲဖြတ်သုံးသပ်ချက်ကို သိချင်ပါတယ်။ နောက်တစ်ခါ ဒီတစ်ခေါက် မြန်မာနိုင်ငံ အလည်အပတ်ခရီးစဉ်ကနေ ဂျပန်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်လာမယ့် အလားအလာကို သိပါရစေ။**

ဖြေ ။ နိုင်ငံခြားရေးဝန်ကြီးအနေနဲ့ မြန်မာနိုင်ငံကို လာရောက်လည်ပတ်တာ သုံးကြိမ်မြောက်ရှိပါပြီ။ ရောက်တဲ့အခါတိုင်းမှာ မြန်မာလူမျိုးတွေရဲ့ အလွန်နွေးထွေးပျူငှာတဲ့ စိတ်နှလုံးနောက်ပြီး ဂျပန်လူမျိုးတွေကို ရင်းနှီးခင်မင်တဲ့မိတ်ဆွေလို သဘောထားကြတဲ့စိတ်ထားကို ကိုယ်တိုင်ခံစားမိပါတယ်။ ဂျပန်လူမျိုးတွေဟာလည်း မြန်မာဆိုတဲ့ တိုင်းပြည်၊ နိုင်ငံသားတွေနဲ့ မတူကွဲပြားတဲ့ယဉ်ကျေးမှုတွေကို အကျွမ်းတဝင် ရှိပါတယ်။ သမိုင်းအစဉ်အလာအရ ချစ်ကြည်ရင်းနှီးတဲ့ နှစ်နိုင်ငံဆက်ဆံရေးက ဒီလိုမျိုး အပြန်အလှန် ရင်းနှီးကျွမ်းဝင်မှုရဲ့ အခြေခံဖြစ်နေတယ်လို့ ပြောနိုင်ပါတယ်။

မြန်မာနိုင်ငံမှာ နိုင်ငံသားအများစုရဲ့ ထောက်ခံမှုကို အနိုင်အမာရရှိထားတဲ့ အစိုးရတစ်ရပ်ပေါ်ပေါက်လာတာကို ကြိုဆိုပါတယ်။ ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလက မြန်မာနိုင်ငံမှာကျင်းပခဲ့တဲ့ အထွေထွေရွေးကောက်ပွဲဟာ စစ်မှန်တဲ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ဦးတည်တဲ့ ပထမခြေလှမ်း ဖြစ်လာမယ့် သမိုင်းဝင်မှတ်တိုင်တစ်ခု ဖြစ်ခဲ့ပါတယ်။ မြန်မာနိုင်ငံက မဲဆန္ဒရှင်ပြည်သူတွေဟာ ဂျပန်နိုင်ငံက အခြားအဖွဲ့အစည်းတွေနဲ့အတူ ကူညီထောက်ပံ့ခဲ့တဲ့ "ဖျက်လို့မရတဲ့ မင်" ကို သုတ်လိမ်းထားတဲ့ လက်သန်းကို ခတ်ပုံရိုက်ပြီး လူမှုကွန်ရက်စာမျက်နှာမှာ အမှတ်တရတင်တာတွေ ခေတ်စားခဲ့တယ်လို့ ကြားသိရပါတယ်။


ဂျပန်နိုင်ငံခြားရေးဝန်ကြီး H.E.Mr Fumio KISHIDA

ပြည်သူပြည်သားတွေက ရွေးကောက်ပွဲမှာ ပါဝင်နိုင်တဲ့ ငြိမ်းချမ်းပြီး တည်ငြိမ်အေးချမ်းတဲ့ လူမှုအဖွဲ့အစည်းမျိုးရှိမှသာ ဖွံ့ဖြိုးတိုးတက်မှုဆိုတာ အောင်အောင်မြင်မြင် ပေါ်ထွန်းလာမှာ ဖြစ်ပါတယ်။

၂၀၁၄ ခုနှစ် ဂျပန်နိုင်ငံနဲ့ မြန်မာနိုင်ငံတို့ရဲ့ သံတမန်ဆက်ဆံရေး နှစ်(၆၀) ပြည့် အထိမ်းအမှတ်အနေနဲ့ စတင်ကျင်းပခဲ့တဲ့ "ဂျပန်-မြန်မာပွဲတော်ဟာ ဒီနှစ်မှာဆိုရင် ဒုတိယအကြိမ်မြောက် ကျင်းပပြီးစီးခဲ့ပါပြီ။ ရန်ကုန်မြို့မှာ ကျင်းပခဲ့တဲ့ ဒီပွဲတော်ကို မြန်မာပြည်သူပြည်သား တစ်သောင်းခုနစ်ထောင်ကျော်လောက်က လာရောက်ကြပြီး ပျော်ပွဲတေးသီချင်းများ၊ ဂျပန်ရိုးရာဝတ်စုံ၊ ဆိုင်ခန်းများနဲ့ ကပွဲကဇာတ်များရဲ့ ခင်းကျင်းပြသမှုတွေက တစ်ဆင့် ဂျပန်ယဉ်ကျေးမှုကို ခံစားပျော်ရွှင်ခဲ့ကြပါတယ်။ ယဉ်ကျေးမှုကို အပြန်အလှန်သိရှိခံစားခြင်းအားဖြင့် အပြန်အလှန်နားလည်မှုကို ပိုမို နက်ရှိုင်းစေလိမ့်မယ်လို့ ယူဆပါတယ်။ နောက်နှစ်တွေကျရင် အားလုံးပဲ ဆက်ဆက်ပါဝင်ဆင်နွှဲ ကြပါ။

ဒီတစ်ခေါက်အလည်အပတ်ခရီးစဉ်မှာ ဂျပန်နိုင်ငံဟာ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် ယုံကြည်စိတ်ချရတဲ့ မိတ်ဖက်နိုင်ငံအဖြစ် အစိုးရပုဂ္ဂလိကပူးပေါင်းပြီး ကူညီထောက်ပံ့သွားမယ့်အကြောင်းကို မြန်မာပြည်သူပြည်သားတွေအား စကားလက်ဆောင်ပါးချင်ပါတယ်။ မြန်မာနိုင်ငံမှာ ဒီထက်ပိုပြီး ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ ကြွယ်ဝချမ်းသာရေး အကောင်အထည်ဖော်နိုင်ဖို့ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ကောင်းမွန်တဲ့ နှစ်နိုင်ငံအကြားဆက်ဆံရေးကို ပိုမိုခိုင်မာအောင် လုပ်ဆောင်နိုင်လိမ့်မယ်လို့ ယတိပြတ် ယုံကြည်ထားပါတယ်။

**မေး ။ ဂျပန်နိုင်ငံဟာ တရားဝင်ဖွံ့ဖြိုးတိုးတက်မှု ကူညီထောက်ပံ့ရေး (OD) အစီအစဉ်များစွာနဲ့ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို ကူညီထောက်ပံ့လာခဲ့ပါတယ်။ လက်ရှိ အခုအချိန်အထိ မြန်မာနိုင်ငံအတွက် ပေးအပ်ခဲ့တဲ့ (OD) အစီအစဉ်တွေအပေါ် ဝန်ကြီးရဲ့သဘောထားအမြင်ကို သိပါရစေ။ ဒါ့အပြင် ဒီနောက်ပိုင်း မြန်မာနိုင်ငံကို ကူညီထောက်ပံ့မယ့် အစီအစဉ်ကိုလည်း ပြောပြပေးပါ။**

ဖြေ ။ ဂျပန်နိုင်ငံဟာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ အမျိုးသားရင်ကြားစေ့ရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကိုဦးတည်ပြီး မြန်မာနိုင်ငံရဲ့ ကဏ္ဍပေါင်းစုံ လုပ်ဆောင်နေတဲ့ ပြုပြင်ပြောင်းလဲရေးကြိုးပမ်းမှုကို တွန်းအားပေးဖို့ ၂၀၁၂ ခုနှစ် ဧပြီလမှာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမူဝါဒကို ပြင်ဆင်ခဲ့ပါတယ်။ အဲ့ဒီနောက်ပိုင်း ၂၀၁၃ ခုနှစ်မှာ ယန်းချေးငွေ ၃၀၀ ဘီလီယံခန့် လျှော်ပစ်လိုက်တဲ့အပြင် နိုင်ငံသားများရဲ့ လူနေမှုဘဝတိုးတက်ရေး၊ လူစွမ်းအားအရင်းအမြစ်ပြုစုပျိုးထောင်ရေး၊ နည်းစနစ်ပိုင်းဆိုင်ရာမြှင့်တင်ရေး၊ အခြေခံအဆောက်အအုံတည်ဆောက်ရေးတို့ကို အဓိကထားပြီး စုစုပေါင်းယန်းငွေ ၃၇၇ ဘီလီယံ ကူညီထောက်ပံ့ခဲ့ပါတယ်။

ဂျပန်နိုင်ငံရဲ့ကူညီထောက်ပံ့မှုကို ဥပမာတစ်ခုအနေနဲ့ ပြရမယ်ဆိုရင် သီလဝါအထူးစီးပွားရေးဇုန်ကို ဖွင့်လှစ်ခဲ့တာလည်း ရှိပါတယ်။ ဂျပန်နဲ့ မြန်မာရဲ့ အစိုးရပုဂ္ဂလိကပူးပေါင်းပြီး အကောင်အထည်ပေါ်လာတဲ့ သာဓကတစ်ခုဖြစ်ပြီး ဂျပန်နိုင်ငံဟာ စက်မှုဇုန်တည်ဆောက်ရေးအပြင် ဆိပ်ကမ်း၊ ကား၊ လမ်းဖောက်လုပ်ရေး အစရှိတဲ့ အထောက်အပံ့တွေကို ဖော် ဆောင်ခဲ့ပါတယ်။ ဒါ့အပြင် ရန်ကုန်မြို့အတွက် ပေးအပ်ခဲ့တဲ့ ကူးတို့သင်္ဘောသုံးစင်းဟာ ရန်ကုန်မြို့သူ မြို့သားတွေရဲ့ အသွားအလာအတွက် နေ့စဉ်များစွာ အထောက်အကူပြုနေတယ် လို့ ကြားသိရပါတယ်။ ယမန်နှစ်က ရေကြီးရေလျှံမှုတွေကြောင့် မြန်မာနိုင်ငံဒေသများမှာ ကြီးမားတဲ့ ရေဘေးဒုက္ခတွေကြုံတွေ့ခဲ့ရပြီး ဒီရေကြီးရေလျှံမှုတွေအတွက် ဂျပန်ယန်း ၅ ဘီလီယံခန့် ထောက်ပံ့ပေးဖို့ ဆုံးဖြတ်ခဲ့ပြီး စာသင်ကျောင်းများ ပြန်လည်တည်ဆောက်ရေးကို လုပ်ဆောင်လျက်ရှိပါတယ်။

ဒီနောက်ပိုင်းမှာလည်း ဂျပန်နိုင်ငံဟာ မြန်မာနိုင်ငံရဲ့ စစ်မှန်တဲ့မိတ်ဆွေအဖြစ် သဘာဝပတ်ဝန်းကျင်နဲ့ လူမှုအဖွဲ့အစည်းတွေကို အလေးထားထည့်သွင်းစဉ်းစားပြီး နိုင်ငံတကာ စံချိန်စံညွှန်းနဲ့ကိုက်ညီပြီး အရည်းအသွေးမြင့်မားတဲ့ အကူအညီတွေကို လက်တွေ့ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အထူးသဖြင့် မြန်မာအစိုးရသစ်က အထူးအလေးထားလျက်ရှိတဲ့ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ အခြေခံအဆောက်အအုံ၊ ငွေကြေးနဲ့ ဘဏ္ဍာရေးစတဲ့ ကဏ္ဍတွေမှာ ဘက်ပေါင်းစုံကနေ အစွမ်းကုန် ထောက်ပံ့ကူညီဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**(မြန်မာ့အလင်း)**